**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com — Tel : 095-1-397640
PO.Box: 194 — Fax: 095-1-397641


ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ( ၅ ) ရက်

## ညွှန်ကြားချက် ( ၁/၂၀၁၃ )

အကြောင်းအရာ။ **မှတ်ပုံတင် မြန်မာသင်္ဘောသားများအား သင်္ဘောကုမ္ပဏီများ၏ သင်္ဘောများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဆောင်ရွက်ပေးရာတွင် အလုပ်ခန့်ထားခြင်းစာချုပ် (Employment Contract) တစ်မျိုးတည်းဖြင့်သာ ဆောင်ရွက်ရေး**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင်မှတ်ပုံတင်ထားသည့် မြန်မာသင်္ဘောသားများအား သင်္ဘောကုမ္ပဏီအသီးသီး၏ သင်္ဘောများတွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အလုပ်ခန့်ထားခြင်းဆောင်ရွက်ရာတွင် ဌာနနှင့်လက်မှတ်ရေးထိုးထားသည့် General Agreement ပါ အချက်များနှင့် ကိုက်ညီသည့် ပုံစံအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေး အလုပ်သမားအဖွဲ့ချုပ်၏ စစ်ဆေးရေးမှူး (ITF Inspector) များ သက်ဆိုင်ရာ သင်္ဘောများပေါ်သို့ တက်ရောက်စစ်ဆေးရာတွင် အစစ်ဆေးခံနိုင်ရန်အတွက် ဆောင်ရွက်ထားသည့် ပုံစံအရလည်းကောင်း အလုပ်ခန့်ထားခြင်းစာချုပ် (Employment Contract) (၂) မျိုးဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်းသိရှိရပါသည်။

၂။ ထိုသို့အလုပ်ခန့်ထားခြင်း စာချုပ် (Employment Contract) (၂) မျိုးဖြင့် ဆောင်ရွက်ခြင်းသည် ဥပဒေကြောင်းအရ တရားဝင်ခြင်းမရှိသည့်အပြင် ၂၀၀၆ ခုနှစ်၊ ရေကြောင်းအလုပ်သမားများနှင့် သက်ဆိုင်သော ကွန်ဗင်းရှင်း (Maritime Labour Convention - 2006) ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီမှုမရှိကြောင်းတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းများအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုထားသည့် ကုမ္ပဏီများ/ ဒေသခံကိုယ်စားလှယ်များအနေဖြင့် မှတ်ပုံတင်မြန်မာသင်္ဘောသားများကို သင်္ဘောကုမ္ပဏီများ၏ သင်္ဘောများတွင် တာဝန် ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးရာတွင် အလုပ်ခန့်ထားခြင်းစာချုပ် (Employment Contract) (၂) မျိုးအား လက်မှတ်ရေးထိုးစေလျက် ဆောင်ရွက်ပေးခြင်း မပြုကြရန်နှင့် ဌာနနှင့် ချုပ်ဆိုထားသည့် General Agreement အရ သင်္ဘောသားများ အမှန်တကယ် ခံစားခွင့်ရရှိမည့် အခွင့်အရေးများ ပါဝင်သော အလုပ်ခန့်ထားခြင်း စာချုပ် (၁) မျိုးတည်းဖြင့်သာ ချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်သွားရန် ညွှန်ကြားသည်။

(ပုံ)မောင်မောင်ဦး

ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန